# မြန်မာနိုင်ငံ၏ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုအားလေ့လာခြင်း

ရက်စွဲ၊ ၂၀၁၇ခုနှစ်၊ ဇွန်လ ၇ ရက်


## အကျဉ်းချုပ်

မြန်မာအစိုးရအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းသည့်အချိန်မှစတင်၍ ပိုမိုကောင်းမွန်သော ပညာရေးစနစ်ကိုဖော်ဆောင်နိုင်ရန် လက်တွေ့ကျသော ပညာရေးပြုပြင် ပြောင်းလဲမှုများကို ဖော်ဆောင်လျက်ရှိပြီး ပညာရေးကဏ္ဍများတွင် အောင်မြင်မှုများစွာရရှိလာသည်ကို တွေ့မြင်ရပါသည်။ ဥပမာအားဖြင့် ကျောင်းသူကျောင်းသားများအား ကျောင်းဝင်ကြေးကင်းလွတ်ခွင့်ပြုလိုက်သဖြင့်ကျောင်းအပ်နှံနှုန်းမြင့်တက်လာခြင်း၊ ပညာရေးအသုံးစရိတ်မြှင့်တင်ပေးခြင်း၊ ကျောင်းအရေအတွက်မြင့်တက်လာခြင်း၊ ကျောင်းသား/ဆရာ အရေအတွက်များပြားလာခြင်း၊ ပညာရေးအဆင့်မြှင့်တင်နိုင်ရန် ဥပဒေများ၊ မူဝါဒများရေးဆွဲချမှတ်ခြင်းတို့ဖြစ်ပါသည်။ ပညာရေးကဏ္ဍ၏ သိသာထင်ရှားသောပြုပြင်ပြောင်းလဲမှုမှာ ၂၀၁၆-၂၀၁၇ပညာသင်နှစ်မှစတင်၍ ယခင်သင်ကြားမှုပုံစံ (၅-၄-၂) မှ KG+ ၁၂ (၅-၄-၃) ပုံစံကို ပြောင်းလဲအသုံးပြုခြင်းပင်ဖြစ်သည်။

သို့သော် ပညာရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် အောင်မြင်မှုအသီးအပွင့်များကို တွေ့ရှိလာရသော်လည်း စိန်ခေါ်မှုများစွာလည်း ကျန်ရှိနေပါသေးသည်။ အစိုးရမှ ပညာရေးအသုံးစရိတ်အား တိုးမြှင့်ပေးခဲ့သော်လည်း အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် နိမ့်ကျလျက်ရှိနေပါသေးသည်။[၁] ထို့အပြင်မြန်မာနိုင်ငံ၏ကျောင်းသား/ဆရာအချိုးမှာလည်း အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံနှင့်နှိုင်းယှဉ်ရာ၌ မူလတန်းနှင့်အထက်တန်းအဆင့်တွင် ထိုင်းနိုင်ငံမျှ ဆရာအရေအတွက် မရှိသည်ကိုတွေ့ရှိရပါသည်။[၂]

ခေတ်နှင့်မလျော်ညီသောသင်ရိုးညွှန်းတမ်းများမှာလည်း မြန်မာ့ပညာရေးအတွက် အခက်အခဲတစ်ခုပင်ဖြစ်ပါသည်။ အခြားသောနိုင်ငံများတွင် သင်ရိုးညွှန်းတမ်းများအား မကြာခဏဆိုသလိုပင် ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်မွမ်းမံခဲ့ကြသော်လည်း မြန်မာနိုင်ငံတွင်မူ ၁၉၉၅ ခုနှစ်နှင့် ၁၉၉၉ခုနှစ်ကြားကာလအတွင်းတွင် သင်ရိုးညွှန်းတမ်းအား တစ်ကြိမ်သာပြင်ဆင် ပြောင်းလဲခဲ့ပြီး ယင်းသင်ရိုးညွှန်းတမ်းဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိဆက်တိုက် သင်ကြားအသုံးပြုခဲ့ပါသည်။[၃]


**သုတေသနစာတမ်းတိုအမှတ်(၁၈)**


**ရေးသားပြုစုသူများ - ဒေါ်နန်းခင်မိုးအေး၊ ဒေါ်နန်းထက်မွန်**

# မာတိကာ

စဉ် | အကြောင်းအရာ | စာမျက်နှာ

၁။ နိဒါန်း ……………………………………………………………………၅

၂။ မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ် ……………………………………၅

၃။ မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု၏ အောင်မြင်မှုများ ……………………………၇

၄။ ပညာရေးပြုပြင်ပြောင်းလဲမှု၏ အခက်အခဲနှင့်စိန်ခေါ်မှုများ …………………………၁၁

(က) အစိုးရ၏ စုစုပေါင်းအသုံးစရိတ်တွင် ပညာရေး အသုံးစရိတ်ပါဝင်မှု ရာခိုင်နှုန်း……………………………………………………………၁၂

(ခ) မြန်မာ့ပညာရေးအသုံးစရိတ်အား ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာခြင်း …………………………………………………………၁၃

(ဂ) ပညာရေးအသုံးစရိတ်နည်းပါးခြင်းကြောင့် ကြုံတွေ့ရသည့် အခက်အခဲများ ……………………………………………………………၁၃

(ဃ) စာတတ်မြောက်မှုရာခိုင်နှုန်း ………………………………………………၁၄

(င) ကျောင်းသားဆရာအချိုး ……………………………………………………၁၄

(စ) မြန်မာ့ပညာရေး၏ သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှုနှင့် သင်ကြားမှုပုံစံ ………………………………………………………………၁၆

(ဆ) ပညာရေးကဏ္ဍတွင် ကျားမတန်းတူအခွင့်အရေးရရှိရေး ………………………၁၉

၅။ နိဂုံး………………………………………………………………………၂၀

# ဇယားနှင့်ပုံများစာရင်း


| | | |
|---|---|---|
| | | စဉ် |
| ဇယား ၁ | အခြေခံပညာကျောင်း၊ ဆရာနှင့် ကျောင်းသားများအရေအတွက် (၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ထိ) | ၉ |
| ဇယား ၂ | ကျောင်းသားဆရာအချိုးအား အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာခြင်း၊ ၂၀၁၄ခုနှစ် | ၁၄ |

| | | |
|---|---|---|
| | | စဉ် |
| ပုံ ၁ | အစိုးရ၏ပညာရေးအသုံးစရိတ် (၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ) | ၇ |
| ပုံ ၂ | အခြေခံပညာအဆင့် အသားတင်ကျောင်းအပ်နှံမှုနှုန်း | ၉ |
| ပုံ ၃ | အစိုးရ၏နှစ်အလိုက် အသုံးစရိတ်တွင် ပညာရေးအသုံးစရိတ် ပါဝင်မှုရာခိုင်နှုန်း | ၁၂ |
| ပုံ ၄ | အစိုးရ၏စုစုပေါင်းအသုံးစရိတ်တွင် ပညာရေးအသုံးစရိတ်ပါဝင်မှု ရာခိုင်နှုန်းအား နိုင်ငံအလိုက် နှိုင်းယှဉ်လေ့လာခြင်း | ၁၃ |
| ပုံ ၅ | အခြေခံပညာကျောင်းများရှိ ဆရာ/ဆရာမဦးရေအချိုး | ၂၀ |

## အတိုကောက်စကားလုံးများ

| | |
|---|---|
| ASEAN | Association of Southeast Asian Nations |
| AY | Academic Year |
| CCA | Child-Centred Approach |
| CESR | Comprehensive Education Sector Review |
| DFID | Department for International Development |
| ECCD | Early Childhood Care and Development |
| EPIC | Education Promotion Implementation Committee |
| FESR | Framework for Economic and Social Reform |
| FY | Fiscal Year |
| GDP | Gross Domestic Product |
| GPI | Gender Parity Index |
| ICT | Information and Communication Technology |
| ILO | International Labour Organization |
| JICA | Japan International Cooperation Agency |
| KG | Kindergarten |
| MoE | Ministry of Education |
| NESP | National Education Sector Plan |
| STEM | Strengthening Teacher Education in Myanmar |
| TCSF | Teacher Competency Standards Framework |
| TVET | Technical Vocational Education and Training |
| UNESCO | United Nations Educational, Scientific and Cultural Organization |
| UNICEF | United Nations International Children’s Emergency Fund |

## နိဒါန်း

၁။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်သို့ ပြောင်းလဲကျင့်သုံးလာသည်နှင့်အမျှ ဒီမိုကရေစီစနစ်နှင့်ကိုက်ညီစေရန် နိုင်ငံ၏ကဏ္ဍပေါင်းစုံကိုမြှင့်တင်ရာတွင် မြန်မာနိုင်ငံတော်အစိုးရသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုအား ၂၀၁၁ခုနှစ် အစိုးရသစ်သို့ကူးပြောင်းချိန်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ယခုလက်ရှိအစိုးရသစ်လက်ထက်တွင်လည်း ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်ကို အထောက်အကူပြုရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ဝင်ငွေအလယ်အလတ်ရှိသောနိုင်ငံဖြစ်လာရေးဟူသည့် အမျိုးသားရည်မှန်းချက်ကိုပါ ပေါက်မြောက်အောင်မြင်စေရန်အတွက် ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို အဓိကတွန်းအားနှစ်ရပ်အဖြစ် သတ်မှတ်ထားပါသည်။[၄]

၂။ ဤစာတမ်းတို၏အဓိကရည်ရွယ်ချက်မှာ လက်ရှိမြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုများ၏ အောင်မြင်မှုများနှင့်စိန်ခေါ်မှုများကို လေ့လာတင်ပြရန်ဖြစ်ပါသည်။ ဤစာတမ်းတွင် အသုံးပြုထားသော သတင်းအချက်အလက်များကို အစိုးရဝက်ဆိုဒ်များမှထုတ်ပြန်ထားသော သတင်းအချက်အလက်များ၊ စာစောင်များနှင့်နိုင်ငံတကာအဖွဲ့အစည်းများမှ ထုတ်ပြန်ထားသောအစီရင်ခံစာများ၏ သတင်းအချက်အလက်များမှ ရယူထားခြင်းဖြစ်ပါသည်။

## မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်

၃။ "မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ထွန်းလာစေရန်"[၅] ဟူသည့် မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့်အညီ မြန်မာနိုင်ငံအစိုးရသည် နိုင်ငံ၏ပညာရေးစနစ်အားမြှင့်တင်ရန် ကာလတို၊ ကာလရှည်စီမံကိန်းများချမှတ်ကာ ဆောင်ရွက်ခဲ့ပါသည်။

၄။ ပညာရေးဝန်ကြီးဌာနသည် ပညာရေးဖွံ့ဖြိုးတိုးတက်ရေး အထူးလေးနှစ်စီမံကိန်း (ပညာသင်နှစ် ၂၀၀၀-၂၀၀၁မှ ၂၀၀၃-၂၀၀၄အထိ)အား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ၂၀၀၁ခုနှစ်တွင် နှစ်ရှည်စီမံကိန်းအဖြစ် နှစ်(၃၀)စီမံကိန်း (ပညာသင်နှစ် ၂၀၀၁-၂၀၀၂မှ ၂၀၃၀-၂၀၃၁ အထိ)အား ကာလတို(၅)နှစ်စီမံကိန်းများ အဖြစ် အဆင့်(၆)ဆင့်ခွဲကာ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။[၆]

၅။ ထို့အပြင် ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလတွင် နေပြည်တော်၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကျဆုံးဖြစ်သော ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရန် ပညာရေးနှင့်ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများချမှတ်နိုင်ရေး အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲကို အစိုးရနှင့်ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ပူးပေါင်း၍ကျင်းပခဲ့ပါသည်။ ယင်းဆွေးနွေးပွဲ၏ရလဒ်အဖြစ် ဘက်စုံလွှမ်းခြုံသောပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းကို ၂၀၁၂ ခုနှစ်မှစတင်၍ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပြည်တွင်းပြည်ပပညာရှင်များ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။[၇] ဘက်စုံလွှမ်းခြုံသောပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းအား ၁၉၉၂ခုနှစ်တွင် ပထမအကြိမ်ဖွဲ့စည်းခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်ပြန်လည်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ ဖွဲ့စည်းရခြင်း၏ရည်ရွယ်ချက်မှာ လက်ရှိပညာရေးအခြေအနေအား နားလည်သိရှိရန် လုပ်ငန်းစဉ်များချမှတ်၍ လေ့လာဆန်းစစ်ရန်နှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပညာရေးအရည်အသွေးမြင့်တက်လာစေရေးအတွက် နည်းဗျူဟာများချမှတ်ဆောင်ရွက်ရန်ဖြစ်ပါသည်။[၈] ယခုအခါတွင် ပညာရေးဝန်ကြီးဌာနသည် (၃)နှစ်ခွဲတာကာလအတွင်း အချိန်တိုအတွင်းအကဲဖြတ်ခြင်း(အဆင့်-၁)၊ အသေးစိတ် လေ့လာဆန်းစစ်ခြင်း(အဆင့်-၂)နှင့် အထောက်အထားအခြေပြု ကုန်ကျစရိတ်လျာထားချက်ပါဝင်သော အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ (National Education Strategic Plan- NESP) ရေးဆွဲခြင်း (အဆင့်-၃) စသည့် အဆင့်(၃)ဆင့်ပါသော ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ပါသည်။[၉]

၆။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းသည် အမျိုးသားပညာရေးစနစ်ရှိ အဆင့်တိုင်း၌ ကျောင်းသားများအတွက် အရည်အသွေးပြည့်ဝသော ပညာရေးအခွင့်အလမ်းရရှိမှုကို အထူးမြှင့်တင်ပေးမည့် အစီအမံဖြစ်သည်။ ဤအမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းသည် လာမည့်(၅)နှစ်တာကာလအတွင်း ကဏ္ဍအလိုက်ပညာရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် နိုင်ငံတော်အစိုးရ၊ ပညာရေးတွင်ပူးပေါင်းဆောင်ရွက်သူများနှင့် ပြည်သူတစ်ရပ်လုံးအတွက် အသေးစိတ်လမ်းပြမြေပုံတစ်ရပ်လည်းဖြစ်ပါသည်။

## မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု၏ အောင်မြင်မှုများ

၇။ ပညာရေးပြုပြင်ပြောင်းလဲမှုစတင်လုပ်ဆောင်ခဲ့သည်မှာ (၆)နှစ်ကျော်ကာလအတွင်းသို့ ကျရောက်ခဲ့ပြီဖြစ်၍ အောင်မြင်မှုအသီးအပွင့်များကိုလည်း ခံစားနေကြရပြီဖြစ်ပါသည်။ အစိုးရမှ ပညာရေးအသုံးစရိတ်အား မြှင့်တင်ပေးရန်ကတိပြုခဲ့သည့်အတိုင်း ပညာရေးအသုံးစရိတ်အား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ ယနေ့ထိတိုင်အောင် တိုးမြှင့်ပေးလျက်ရှိပါသည်။




ပုံ(၁) အစိုးရ၏ပညာရေးအသုံးစရိတ် (၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ)

၈။ ဤပညာရေးအသုံးစရိတ်တိုးမြှင့်သုံးစွဲငွေမှာ နိုင်ငံတော်ဘတ်ဂျက်၏ ရာခိုင်နှုန်းအနေဖြင့်ကြည့်မည်ဆိုလျှင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း နိုင်ငံတော်ဘတ်ဂျက်၏ ၃.၈၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၆.၇၉ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့သည်ကိုတွေ့ရသည်။

၉။ ပညာရေးအသုံးစရိတ်မြင့်တက်လာမှုအား အထက်ပါပုံတွင် သိသာထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ ၂၀၁၆-၂၀၁၇ပညာသင်နှစ်၏ပညာရေးအသုံးစရိတ်အား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်နှင့် နှိုင်းယှဉ်ကြည့်ရာတွင် ခုနစ်ဆတိုးမြှင့်လာခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။ ခြောက်နှစ်တာကာလအတွင်း သိသာထင်ရှားသောမြင့်တက်မှုအနေဖြင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ပညာရေးအသုံးစရိတ်အား ၂၀၁၁-၂၀၁၂ ပညာရေးအသုံးစရိတ်ထက် နှစ်ဆကျော် တိုးမြှင့်ခဲ့ပါသည်။

၁၀။ အစိုးရမှ ပညာရေးရန်ပုံငွေနှင့်ပညာရေးထောက်ပံ့မှုအစီအစဉ်များအတွက်လည်း အမေရိကန်ဒေါ်လာသန်း(၁၀၀) ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ထို့ပြင်ကျောင်းများအတွက် ပညာရေးရန်ပုံငွေကို အနည်းဆုံးကျပ်(၈)သိန်းအထိ တိုးမြှင့်ပေးခဲ့ပြီး ကျောင်းသူ၊ ကျောင်းသားများအတွက် ပညာရေးထောက်ပံ့ကြေးများကိုလည်း တိုးမြှင့်ပေးခဲ့ပါသည်။ ပညာသင်ဆုအစီအစဉ်များနှင့် ကင်းထောက်လူငယ်အစီအစဉ်များကိုလည်း တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ ထို့မျှသာမက အစိုးရမှ သူငယ်တန်းကျောင်းသူကျောင်းသား(KG)များအတွက် ကျောင်းဝတ်စုံ တစ်စုံစီ၊ မူလတန်းကျောင်းသူကျောင်းသားများအတွက် ကျောင်းဝတ်စုံတစ်စုံစီ၊ ကျောင်းသုံး ပုံနှိပ်စာအုပ်များနှင့် ကျောင်းသုံးဗလာစာအုပ်(၆)အုပ်စီနှင့် အလယ်တန်းနှင့်အထက်တန်း အဆင့်ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များကို အခမဲ့ဖြန့်ဝေပေးခဲ့ပါသည်။[၁၀]

၁၁။ ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်ဖြင့် အခြေခံပညာရေးဖွဲ့စည်းမှုပုံစံအသစ် (KG + ၁၂(၅-၄-၃))အား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်၍ အခြေခံပညာကျောင်းများတွင် စတင်ကျင့်သုံးပြီဖြစ်ပါသည်။ အာဆီယံဒေသတွင်းနိုင်ငံများတွင် ကျင့်သုံးနေသည့် အခြေခံပညာရေးစနစ်ဖွဲ့စည်းမှုပုံစံများနှင့် ကိုက်ညီစေရန် ယခင်ပညာရေးဖွဲ့စည်းမှုပုံစံအဟောင်း(၅-၄-၂)အား ယခုအခါ (KG + ၁၂(၅-၄-၃))ပုံစံသို့ ပြောင်းလဲကျင့်သုံးခဲ့ခြင်းဖြစ်ပါသည်။ KG ကျောင်းသားများအား (၅)နှစ်မှစ၍ ကျောင်းစတင်လက်ခံပြီး တရားဝင်ကျောင်းဝင်သက်မှာ (၆)နှစ်မှ စပါသည်။ KG အတန်းသစ်အား သင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားပေးမည်ဖြစ်ပါသည်။[၁၁] ယခု KG ကျောင်းသားများသည် နောင်လာမည့်ပညာသင်နှစ်တွင် ပထမတန်းသို့တက်ရောက်ရမည်ဖြစ်ပြီး ၎င်းတို့အတွက် သင်ရိုးညွှန်းတမ်းအသစ်များကိုလည်း ရေးဆွဲထားပြီးဖြစ်ပါသည်။

၁၂။ ကျောင်းဝင်ကြေးများအခမဲ့ပြုလုပ်ပေးနိုင်ခဲ့ခြင်းသည်လည်း ပညာရေးပြုပြင်ပြောင်းလဲမှု၏ သိသာထင်ရှားသောအောင်မြင်မှုတစ်ခုပင်ဖြစ်ပါသည်။ မူလတန်းအဆင့် ကျောင်းဝင်ကြေးများအား၂၀၁၀-၂၀၁၁ ပညာသင်နှစ်မှစ၍လည်းကောင်း၊ အလယ်တန်းအဆင့်အတွက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍လည်းကောင်း၊ အထက်တန်းအဆင့်အတွက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစ၍လည်းကောင်း အခမဲ့ပညာရေးစနစ်ဖြစ်အောင် ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။[၁၂] မြန်မာနိုင်ငံတွင် မူလတန်းအဆင့်ပညာရေးမှာ မသင်မနေရစနစ် ဖြစ်ပါသည်။




ပုံ(၂) အခြေခံပညာအဆင့် အသားတင်ကျောင်းအပ်နှံမှုနှုန်း (၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ)

၁၃။ အခြေခံပညာကျောင်းအပ်နှံမှုနှုန်းမှာ ယခင်ပြီးခဲ့သော ပညာသင်နှစ်များနှင့်နှိုင်းယှဉ်လျှင် ၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင် တိုးမြှင့်လာသည်ကို တွေ့မြင်ရပါသည်။ အစိုးရမှ အခြေခံပညာအဆင့်အားလုံးအတွက် ကျောင်းဝင်ခွင့်များအခမဲ့ပြုလုပ်ပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင် ကျောင်းအပ်နှံမှုနှုန်းမှာ ပညာရေးအဆင့်တိုင်းတွင် မြင့်တက်လာခဲ့ပါသည်။ ထို့အပြင် မူလတန်းအဆင့်အတွက် မသင်မနေရပညာရေးစနစ်ချမှတ်ခြင်း၊ ပညာသင်ထောက်ပံ့ကြေးနှင့်ပညာသင်ဆုများပေးအပ်ခြင်းများကြောင့်လည်း ကျောင်းအပ်နှံမှုနှုန်းမှာ မြင့်မားလာပါသည်။[၁၃]

| ပညာသင်နှစ် | ကျောင်း | ဆရာ | ကျောင်းသား |
|---|---|---|---|
| ၂၀၁၅-၂၀၁၆ | ၄၅,၄၈၄ | ၃၆၈,၀၁၂ | ၈,၆၅၆,၀၉၃ |
| ၂၀၁၆- (ဒီဇင်ဘာ) ၂၀၁၇ | ၄၆,၀၀၆ | ၃၈၆,၇၀၉ | ၉,၀၇၈,၃၆၀ |
| တိုးတက်မှု | ၅၂၂ | ၁၈,၆၉၇ | ၄၂၂,၂၆၇ |
| ကိုးကားချက်- မြန်မာ့အလင်း( မတ် ၂၇၊ ၂၀၁၇)၊ ပညာရေးဝန်ကြီးဌာန၏ တစ်နှစ်တာဆောင်ရွက်ချက်များ | | | |

ဇယား(၁) အခြေခံပညာကျောင်း၊ ဆရာနှင့် ကျောင်းသားများအရေအတွက် (၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှ ၂၀၁၆-၂၀၁၇ပညာသင်နှစ်ထိ)

၁၄။ ကျောင်း၊ ဆရာနှင့် ကျောင်းသားအရေအတွက်မှာလည်း သိသိသာသာမြင့်တက်လာပါသည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာသင်ကျောင်း (၄၅,၄၈၄)ကျောင်းရှိရာမှ ၂၀၁၆-၂၀၁၇ပညာသင်နှစ်တွင် ကျောင်းပေါင်း(၄၆,၀၀၆)ကျောင်း ရှိလာခဲ့ပြီး (၅၂၂) ကျောင်း မြင့်တက်ခဲ့ပါသည်။ အစိုးရမှ ဆေးလံခေါင်ဖျားသောနေရာများနှင့် အမှန်တကယ်လိုအပ်နေသောနေရာဒေသများတွင် ကျောင်းသားနှင့်စာသင်ခန်းအချိုးညီမျှစေရန် ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါသည်။ ပညာရေးပြုပြင်ပြောင်းလဲမှု၏ သိသာထင်ရှားသောအောင်မြင်မှုအဖြစ် ဆရာဦးရေတိုးမြှင့်ခန့်ထားလာခြင်းကိုလည်း တွေ့မြင်နိုင်ပါသည်။ ကျောင်းသား/ဆရာအချိုးမြင့်မားမှုအား လျှော့ချရန် အစိုးရမှပညာရေးအဆင့်တိုင်းအတွက် ဆရာ/ဆရာမများကို တိုးမြှင့်ခေါ်ယူခန့်အပ်ခဲ့ပါသည်။ ကျောင်းဆောင်သစ်များ ပိုမိုဖွင့်လှစ်ပေးနိုင်ခဲ့သည်နှင့်အမျှ ဆရာ/ဆရာမများကိုလည်း တိုးမြှင့်ခန့်ထားခဲ့ပါသည်။ အထက်ပါဇယားတွင် တွေ့မြင်ရသည့်အတိုင်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ်နှင့်နှိုင်းယှဉ်လျှင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံအဆင့်တွင် ဆရာဦးရေ (၁၈,၆၉၇)ဦး တိုးမြှင့်ခန့်ထားခဲ့ပါသည်။ ကျောင်းသားအရေအတွက်အား နှိုင်းယှဉ်ကြည့်ရာတွင်လည်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် (၈,၆၅၆,၀၉၃)ဦးရှိရာမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် (၉,၀၇၈,၃၆၀)ဦးထိ တိုးတက်လာခဲ့သဖြင့် အရေအတွက်အားဖြင့် (၄)သိန်းကျော် တိုးတက်ခဲ့ပါသည်။

၁၅။ ပညာရေးနှင့်သက်ဆိုင်သည့် မူဝါဒများ၊ ဥပဒေများကိုလည်း ချမှတ်ပေးနိုင်ခဲ့ပါသည်။ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေအား ၂၀၁၁ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး အမျိုးသားပညာရေးဥပဒေအား ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ၂၀၁၅ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့ပါသည်။ ထို့ပြင် TVET ဥပဒေကြမ်းအား ၂၀၁၅ ခုနှစ်တွင် လွှတ်တော်သို့ တင်သွင်းခဲ့ပြီး TVET ကောင်စီအား ၂၀၁၆ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။[၄]

၁၆။ လက်ရှိအစိုးရသစ်လက်ထက်တွင် ဝန်ကြီးဌာနအားလုံးအတွက် ရက်(၁၀၀)စီမံကိန်းများချမှတ်၍ ဆောင်ရွက်ပေးလျက်ရှိရာ ပညာရေးဝန်ကြီးဌာနသည်လည်း ရက်(၁၀၀) စီမံကိန်းကာလအတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်(၈)ရပ် ချမှတ်၍ ဆောင်ရွက်ပေးခဲ့ပါသည်။ ရက်(၁၀၀)ကာလအတွင်း ပညာရေးဝန်ကြီးဌာနသည် ကျောင်းအဆင့်မြှင့်တင်ခြင်း၊ ကျောင်းအပ်နှံရေးရက်သတ္တပတ်လုပ်ငန်းစဉ်ဆောင်ရွက်ခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ကျောင်းကျန်းမာရေးရက်သတ္တပတ်ဆောင်ရွက်ခြင်း စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် မြို့ပေါ်ရှိဘဏ်များနှင့်နီးသောကျောင်းများမှ

ဆရာ၊ဆရာမများအား ဘဏ်စာရင်းမှ လစာငွေလွှဲပြောင်းထုတ်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနမှ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ပေါ်ရှိ ဆရာ၊ဆရာမများနှင့်တက္ကသိုလ်ဆရာ၊ဆရာမများအား လစာငွေကို ဘဏ်စာရင်းမှ လွှဲပြောင်းထုတ်ယူနိုင်ရေး စီစဉ်ပေးခဲ့ပါသည်။ ထို့မျှသာမက ဝါရင့်ကထိကဆရာ၊ ဆရာမများအတွက် ပါရဂူတန်းတက်ရောက်နိုင်ရန် လုပ်သက်(၁၀)နှစ်မှ (၃)နှစ်သို့ ဖြေလျှော့ပေးခဲ့ပါသည်။ ထို့ပြင် ပညာသင်ယူမှုမပြီးဆုံးမီ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူမှုရပ်တန့်ခဲ့ရသော ကျောင်းသားကျောင်းသူများအတွက် သင့်လျော်သောပညာသင်ယူခွင့်ပြန်လည်ရရှိစေရန် လိုအပ်သောအစီအမံများထားရှိမည့် Alternative Education စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ သင်ကြားမှုပိုင်းနှင့်ပတ်သက်၍လည်း အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ နည်းပညာနှင့်သက်မွေးပညာရေးနှင့် သင်တန်းကဏ္ဍအားလုံးတွင် ဆရာ၊ ဆရာမများ၏စာသင်ကြားမှုအား စစ်ဆေးအကဲဖြတ်ခြင်းများပြုလုပ်သွားမည်ဖြစ်ပါသည်။ ထို့အပြင် နည်းပညာနှင့်သက်မွေးပညာရေးကဏ္ဍတိုးတက်ရေးအတွက်လည်း ရန်ကုန်၊ နေပြည်တော်နှင့်မန္တလေးမြို့ကြီးများတွင် သက်မွေးပညာသင်တန်းကျောင်းများဖွင့်လှစ်နိုင်ရန် ပညာရေးဝန်ကြီးဌာနမှ အခြားသောဝန်ကြီးဌာန(၁၈)ခု၊ ဒေသခံအစိုးရအဖွဲ့(၁၄)ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။[၁၅]

## ပညာရေးပြုပြင်ပြောင်းလဲမှု၏ အခက်အခဲနှင့်စိန်ခေါ်မှုများ

၁၇။ မြန်မာနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုပြုလုပ်လျက်ရှိရာတွင် ဘတ်ဂျက်တိုးမြှင့်သုံးစွဲခြင်း၊ အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်းခြင်း၊ ကျောင်းဝင်ကြေးများကင်းလွတ်ခွင့်ပြုခြင်းစသည်ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါသည်။ သို့သော် ကျော်လွှားဖြေရှင်းဆောင်ရွက်ရမည့် အခက်အခဲအချို့လည်း ကျန်ရှိနေပါသေးသည်။

## (က) အစိုးရ၏ စုစုပေါင်းအသုံးစရိတ်တွင် ပညာရေးအသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်း




ကိုးကားချက် - (၁) နိုင်ငံတော်သမ္မတရုံး၊ ပညာရေးကဏ္ဍ၏ သိသာထင်ရှားသောပြောင်းလဲမှုများ
(၂) ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အတည်ပြုပြီးသည့်အမှန်စာရင်း (Actual ) များနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ အမှတ်စဉ် (၅/၂၀၁၆)

ပုံ (၃) အစိုးရ၏ နှစ်အလိုက်အသုံးစရိတ်တွင် ပညာရေးအသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်း

၁၈။ မြန်မာနိုင်ငံ၏ ၂၀၁၅-၂၀၁၆ ပညာရေးအသုံးစရိတ်သည် အစိုးရအသုံးစရိတ် စုစုပေါင်း၏ (၇)ရာခိုင်နှုန်းခန့်ရှိပါသည်။ ပညာရေးအသုံးစရိတ်ကို နှစ်အလိုက်တိုးမြှင့်သုံးစွဲလျက်ရှိသော်လည်း အစိုးရ၏ စုစုပေါင်း အသုံးစရိတ်တွင် ပညာရေးအသုံးစရိတ်ပါဝင်မှုကို ရာခိုင်နှုန်းအားဖြင့် နှစ်အလိုက်နှိုင်းယှဉ်ကြည့်ပါက သိသာထင်ရှားသောတိုးတက်မှုကို မတွေ့ရှိရပါ။ ဘဏ္ဍာရေးနှစ်တစ်နှစ်နှင့်တစ်နှစ်အကြား တစ်ရာခိုင်နှုန်းခန့်သာတိုးတက်လာသည်ကို တွေ့ရပါသည်။[၁၆]

## (ခ) မြန်မာ့ပညာရေးအသုံးစရိတ်အား ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာခြင်း




ကိုးကားချက် - UNESCO. Expenditure on education as % of total government expenditure.
* နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ

ပုံ (၄) အစိုးရ၏စုစုပေါင်းအသုံးစရိတ်တွင် ပညာရေးအသုံးစရိတ်ပါဝင်မှု ရာခိုင်နှုန်းအား နိုင်ငံအလိုက် နှိုင်းယှဉ်လေ့လာခြင်း

၁၉။ အထက်ပါပုံတွင်ဖော်ပြထားသည့်အတိုင်း အာဆီယံဒေသတွင်းနိုင်ငံများ၏ ပညာရေးအသုံးစရိတ်များကို အစိုးရ၏စုစုပေါင်းအသုံးစရိတ်တွင်ပါဝင်မှုရာခိုင်နှုန်းအလိုက် နှိုင်းယှဉ်လေ့လာရာတွင် မြန်မာနိုင်ငံ၏ပညာရေးအသုံးစရိတ်ရာခိုင်နှုန်းသည် အနိမ့်ဆုံးဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ၏ပညာရေးအသုံးစရိတ်သည် အစိုးရအသုံးစရိတ်စုစုပေါင်း၏ ၇ ရာခိုင်နှုန်းခန့်သာရှိပြီး ဒေသတွင်းနိုင်ငံများတွင် ပညာရေးအသုံးစရိတ်အမြင့်ဆုံးဖြစ်သော စင်ကာပူနိုင်ငံ(၂၀၁၃ခုနှစ်)၏ (၁၉.၉၆)ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက သိသာစွာကွာဟလျက်ရှိပါသည်။ ထို့အပြင် အဆိုပါ ၇ ရာခိုင်နှုန်းခန့်ဆိုသည်မှာ ၂၀၁၆ ခုနှစ်တွင်သာလျှင်ရရှိခဲ့ပြီး ယခင်နှစ်များအတွင်း ၄ ရာခိုင်နှုန်းအောက်သာသုံးခဲ့သဖြင့် ထိုခေတ်တွင် သိသိသာသာကွာဟခဲ့ပါသည်။ ပုံ(၄)တွင် ဖော်ပြထားသည့်အတိုင်း အခြားနိုင်ငံများအနေဖြင့် ယင်းတို့၏ပညာရေးဘတ်ဂျက်ရာခိုင်နှုန်းတို့မှာ နှစ်ရှည်သုံးစွဲမှုရာခိုင်နှုန်းများဖြစ်ခဲ့သဖြင့် လူ့အရင်းအမြစ်ဖွံ့ဖြိုးမှုတွင် ရင်းနှီးမြှုပ်နှံမှုမှာ မြန်မာနိုင်ငံထက်များစွာ ရှေ့ရောက်လျှက်ရှိနေခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် တစ်နှစ်လျှင် စင်ကာပူနိုင်ငံကဲ့သို့ ၂၀ ရာခိုင်နှုန်းအထိသုံးစွဲခဲ့လျှင်ပင် ထိုအချိုးဖြင့် နှစ်ပေါင်းများစွာသုံးစွဲခဲ့ပြီးမှသာလျှင် စင်ကာပူရင်းနှီးမြှုပ်နှံမှု၏ပမာဏကို လိုက်မီနိုင်မည်ဖြစ်ပါသည်။

### (ဂ) ပညာရေးအသုံးစရိတ်နည်းပါးခြင်းကြောင့် ကြုံတွေ့ရသည့် အခက်အခဲများ

၂၀။ ပညာရေးသည် မြန်မာနိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျပါသည်။ ပညာရေးစနစ်ကောင်းမွန်မှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်အရေးပါသည့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများတွင်လိုအပ်လျက်ရှိသော စွမ်းရည်ပြည့်ဝသောလုပ်သား စွမ်းအားစုများ ပေါ်ထွက်လာမည်ဖြစ်ပါသည်။[၁၇]

၂၁။ ပညာရေးအသုံးစရိတ်သည် အခြေခံအဆောက်အဦ၊ သင်ထောက်ကူပစ္စည်းများ၊ သင်ရိုးညွှန်းတမ်း၊ ကျောင်းသား/ဆရာအချိုးစသည်တို့နှင့် ဆက်စပ်လျက်ရှိပါသည်။ ထို့ကြောင့် ပညာရေးခွင့်ပြုငွေ မလုံလောက်ပါက ထိရောက်သောသင်ကြားမှု၊ သင်ယူမှုဝန်းကျင်ကောင်း ဖန်တီးနိုင်မည်မဟုတ်ပါ။[၁၈] ပညာရေးအသုံးစရိတ်နည်းပါးခြင်းသည် ပညာရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ရာတွင် အခက်အခဲ၊ အတားအဆီးများကို ဖြစ်ပေါ်စေပါသည်။ ဆရာ၊ ဆရာမများ၏ လစာနှုန်းထားမှာ နည်းပါးလွန်းသည့်အတွက် ဘွဲ့ရပညာတတ်လူငယ်များသည် ဆရာအလုပ်ကို ၎င်းတို့၏အသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် ရွေးချယ်မှုနည်းပါးလာပါသည်။[၁၉]

### (ဃ) စာတတ်မြောက်မှုရာခိုင်နှုန်း

၂၂။ စာတတ်မြောက်မှုနှုန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းပေါများမှုသည် တိုက်ရိုက်ဆက်စပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် စာမတတ်သူများပါဝင်သည့် အိမ်ထောင်စုရာခိုင်နှုန်း ၂၀ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရပါသည်။ စာမတတ်သူများပါဝင်သည့် အိမ်ထောင်စုရာခိုင်နှုန်းသည် မြို့ပြတွင် ၁၁.၆ ရာခိုင်နှုန်းသာရှိသော်လည်း ကျေးလက်တွင် ၂၃.၄ ရာခိုင်နှုန်းရှိသဖြင့် ကျေးလက်သည်မြို့ပြထက် နှစ်ဆကျော်မြင့်မားလျက်ရှိပါသည်။ အမျိုးသမီးစာမတတ်သူများပါဝင်သည့် အိမ်ထောင်စုရာခိုင်နှုန်းသည် ကျေးလက်နှင့်မြို့ပြနှိုင်းယှဉ်ရာတွင် ကျေးလက်ရှိအမျိုးသမီးစာမတတ်သူများပါဝင်သည့် အိမ်ထောင်စုရာခိုင်နှုန်းသည် နှစ်ဆကျော်မြင့်မားပါသည်။[၂၀]

## (င) ကျောင်းသားဆရာအချိုး

| | မြန်မာ | ဘရူနိုင်း | ကမ္ဘောဒီးယား | အင်ဒိုနီးရှား | လာအို | ထိုင်း | ဗီယက်နမ် |
|---|---|---|---|---|---|---|---|
| **မူလတန်း** | ၂၈း ၁ | ၁၀း ၁ | ၄၅း ၁ | ၁၇း ၁ | ၂၅း ၁ | ၁၅း ၁ | ၁၉း ၁ |
| **အလယ်တန်း** | ၃၆း ၁ | ၁၀း ၁ | ၂၀း ၁ | ၁၇း ၁ | ၁၉း ၁ | ၂၁း၁*** | ၁၆း၁ |

ကိုးကားချက် - UNESCO, pupil-teacher ratio by level of education.

*** ၂၀၁၂ ခုနှစ် အချက်အလက်ဖြစ်ပါသည်။

ဇယား (၂) ကျောင်းသားဆရာအချိုးအား အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာခြင်း (၂၀၁၄ခုနှစ်)

၂၃။ အထက်ဖော်ပြပါဇယားအရ မြန်မာနိုင်ငံ၏ကျောင်းသားဆရာအချိုးကွာဟမှုသည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ရာတွင် သိသာထင်ရှားစွာမြင့်မားလျက်ရှိပါသည်။ မူလတန်းအဆင့်၌ ကျောင်းသားဆရာအချိုးကွာဟမှုအမြင့်ဆုံးနိုင်ငံမှာ ကမ္ဘောဒီးယားနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံသည် ဒုတိယအမြင့်ဆုံး ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ကျောင်းသားဆရာအချိုးသည် ဒေသတွင်းတွင် ကျောင်းသားဆရာအချိုးကွာဟမှုအနိမ့်ဆုံးဖြစ်သော ဘရူနိုင်းနိုင်ငံထက် သုံးဆခန့်မြင့်မားနေသည်ကို တွေ့ရှိရပါသည်။ အလယ်တန်းအဆင့်တွင်မူ မြန်မာနိုင်ငံ၏ကျောင်းသားဆရာအချိုးကွာဟမှုသည် ၃၆း၁ ဖြင့် ဒေသတွင်းနိုင်ငံများအတွင်း အမြင့်ဆုံးဖြစ်ပါသည်။

၂၄။ ကျောင်းသားဆရာအချိုးသည် ထိရောက်သောသင်ကြားမှု၊ သင်ယူမှုဖြစ်စဉ်တွင် အဓိကအရေးပါသော အကြောင်းအရာတစ်ရပ်ဖြစ်ပါသည်။ ဆရာ၊ ဆရာမများက ကျောင်းသားတစ်ဦးချင်းစီအား မည်မျှအချိန်ပေး၍ဂရုစိုက်နိုင်သည်ဆိုသည်မှာ ကျောင်းသားဆရာအချိုး၊ စာသင်ခန်းအရွယ်အစားပေါ်တွင် များစွာမူတည်လျက်ရှိသကဲ့သို့ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျောင်းသားဗဟိုပြုသင်ကြားရေးစနစ် (Child-Centered Approach-CCA) အောင်မြင်ရန်အတွက်လည်း ကျောင်းသားဆရာအချိုးမျှတမှုရှိရေးသည် အဓိကအကြောင်းအရာတစ်ရပ်ဖြစ်ပါသည်။[၂၁]

၂၅။ ပညာရေးဝန်ကြီးဌာနသည် ကျောင်းသားဆရာအချိုးမြင့်မားမှု၊ ဆရာဦးရေနည်းပါးမှုကို လျှော့ချရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းအဆင့်များတွင် ဆရာများတိုးမြှင့်ခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃၊

၂၀၁၄ ခုနှစ်တွင် နယ်စပ်ဒေသနှင့်ကျေးလက်ဒေသများမှ ဒေသခံဘွဲ့ရများအား မူလတန်းပြ ဆရာများအဖြစ် ခန့်ထားပေးခဲ့ပါသည်။ နိုင်ငံတစ်ဝန်းတွင် စာသင်ကျောင်းများ တိုးချဲ့ တည်ဆောက်လျက်ရှိသည်နှင့်အညီ ဆရာ/ဆရာမများကိုလည်း တိုးမြှင့်ခန့်ထားပေးလျက် ရှိပါသည်။[၂၂] ပညာရေးကောလိပ်ကျောင်းဆင်းများကို ခန့်ထားပေးလျှက်ရှိသကဲ့သို့ လက်ရှိ ဆရာ၊ ဆရာမများထဲမှ လုပ်သက်ပြည့်ပြီးသူများကို ရာထူးတိုးမြှင့်ပေးမှုများလည်းရှိပါ သည်။[၂၃]

## (စ) မြန်မာ့ပညာရေး၏ သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှုနှင့် သင်ကြားမှုပုံစံ

၂၆။ သင့်တင့်ကောင်းမွန်သော သင်ရိုးညွှန်းတမ်းသည် ပြည့်စုံကောင်းမွန်သော သင်ကြား ရေးအတွက် ပညာရေးအဆင့်တိုင်းတွင်လိုအပ်သည့် အခြေခံအုတ်မြစ်ဖြစ်သည်။[၂၄] မြန်မာ့ ပညာရေးအဆင့်အတန်းကို နိုင်ငံတကာအဆင့်မီလာအောင် မြှင့်တင်ခြင်းသည် ယခင် သမ္မတဦးသိန်းစိန်အစိုးရချမှတ်ခဲ့သည့် အမျိုးသားပညာရေးအဆင့်မြှင့်တင်မှုလုပ်ငန်းတာဝန် များအနက်တစ်ခုဖြစ်သည်။[၂၅] ထိုလုပ်ငန်းအောင်မြင်စေရန်အလို့ငှာ ဆယ်နှစ်ကျော်သုံးစွဲခဲ့ပြီး ဖြစ်သော ကျောင်းသင်ရိုးညွှန်းတမ်းကို ပြန်လည်ပြုပြင်သုံးသပ်ရန်လည်း လိုအပ်ပါသည်။[၂၆]

၂၇။ အခြေခံပညာရေးကဏ္ဍတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်ဟူ၍ (၃)ဆင့် သတ်မှတ်ထားရှိပါသည်။ မူလတန်းအဆင့်သင်ရိုးညွှန်းတမ်းကို ၁၉၉၈-၁၉၉၉ ပညာသင်နှစ်တွင် ပြုပြင်ပြောင်းလဲခဲ့ပြီး ၂၀၀၀-၂၀၀၁ပညာသင်နှစ်တွင် စတင်အသုံးပြုခဲ့ပါ သည်။ အထက်တန်းအဆင့်သင်ရိုးညွှန်းတမ်းကို ၂၀၀၀-၂၀၀၁ပညာသင်နှစ်တွင် လည်းကောင်း၊ အလယ်တန်းအဆင့်သင်ရိုးညွှန်းတမ်းကို ၂၀၀၁-၂၀၀၂ပညာသင်နှစ်တွင် လည်းကောင်း အဆင့်မြှင့်တင်ဖော်ဆောင်ခဲ့ပါသည်။ အထက်တန်းအဆင့် သင်ရိုးညွှန်းတမ်း ကို နိုင်ငံတကာအဆင့်မီ ပြုပြင်မွမ်းမံအဆင့်မြှင့်တင်ရေးရည်ရွယ်ချက်ဖြင့် အခြေခံပညာ အထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းနှင့်သင်ရိုးများ အဆင့်မြှင့်တင်ရေး ညှိနှိုင်းဖလှယ်ပွဲ (Seminar on Upgrading Curricula and Syllabi of the Basic Education High School Level) ကို ၂၀၀၆ခုနှစ်၊ ဧပြီလတွင် ကျင်းပခဲ့ပါသည်။ လက်ရှိအသုံးပြုနေသည့် အထက်တန်းအဆင့်သင်ရိုးညွှန်းတမ်းများကို ၂၀၀၈-၂၀၀၉ပညာသင်နှစ်တွင် အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။[၂၇]

၂၈။ မူလတန်းအဆင့်သင်ရိုးညွှန်းတမ်းတွင် စာပေတတ်မြောက်မှု၊ ဂဏန်းသင်္ချာကို တတ်ကျွမ်းနားလည်မှု၊ တစ်ကိုယ်ရည်သန့်ရှင်းမှု၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားတွေးခေါ်

နိုင်မှုများ ပါဝင်သင့်သောကြောင့် အထွေထွေဘာသာ (သဘာဝသိပ္ပံ၊ စာရိတ္တနှင့်ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ)၊ အနုပညာဘာသာရပ်(ပန်းချီနှင့်ဂီတ)၊ ကိုယ်ကာယနှင့်ကျောင်းလုပ်ငန်းဆောင်ရွက်ချက်များကို သူငယ်တန်းအဆင့်သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းခဲ့သည်။[၂၈] လူမှုရေးဘာသာရပ်(ပထဝီ၊ သမိုင်း၊ စာရိတ္တနှင့်ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ)၊ အခြေခံသိပ္ပံ၊ အနုပညာ (ပန်းချီနှင့်ဂီတ)၊ ကိုယ်ကာယနှင့်ကျောင်းလုပ်ငန်းဆောင်ရွက်ချက်များကို တွဲဖက်သင်ရိုးဝင်ဘာသာရပ်များအဖြစ် မူလတန်းအဆင့်သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းခဲ့သည်။[၂၉]

၂၉။ ထို့ပြင် Grade-6 မှ Grade-10 အထိ စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်တွင် လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာများကို သင်ကြားပေးပြီး[၃၀] တစ်ကိုယ်ရည်သန့်ရှင်းကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာရပ်များကို အခြေခံပညာကျောင်းများရှိ ဘာသာရပ်တိုင်းတွင်ထည့်သွင်းဖော်ပြထားသည်။ ကျောင်းသူကျောင်းသားများ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေစွာနေထိုင်နိုင်ရေးရည်ရွယ်ချက်ဖြင့် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်ကို သင်ရိုးညွှန်းတမ်း၏တစ်စိတ်တစ်ဒေသအဖြစ် သင်ကြားခြင်းဖြစ်သည်။ ထို့ပြင် ကျောင်းသားဗဟိုပြုသင်ကြားရေးလုပ်ဆောင်ချက်များ၊ ကျောင်းသားများပူးပေါင်းပါဝင်လုပ်ဆောင်မှုအခြေပြုချဉ်းကပ်နည်းများဖြင့် ဘဝတွက်တာကျွမ်းကျင်စရာ သင်ခန်းစာများကို သင်ကြားပေးခြင်းဖြင့် ကျောင်းသူကျောင်းသားများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် လူမှုဆက်ဆံရေးအရည်အသွေးများကို မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်ပါသည်။[၃၁]

၃၀။ အထက်ပါသင်ရိုးညွှန်းတမ်းများတွင် ဖော်ပြပါဘာသာရပ်များကို ထပ်မံဖြည့်စွက်ထားသော်လည်း အဆိုပါသင်ရိုးညွှန်းတမ်းများသည် လက်ရှိခေတ်ကာလအခြေအနေ၊ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပေးခြင်း အားနည်းနေသေးကာ အလွတ်ကျက်ခြင်းကို အားပေးလျက်ရှိသည်။[၃၂]

၃၁။ မြန်မာနိုင်ငံတွင် ဆရာ/ဆရာမများသည် ပုံနှိပ်စာအုပ်များကိုသာ အခြေပြုသင်ကြားပေးပြီး စာမေးပွဲများ၊ ကျောင်းသားများ၏အကဲဖြတ်စာမေးပွဲများသည်လည်း ပုံနှိပ်စာအုပ်ပါစာများကိုသာ အခြေခံ၍စစ်ဆေးကြပါသည်။ သို့သော် အလွတ်ကျက်ခြင်း၊ ဆရာဗဟိုပြုသင်ကြားမှုစနစ်အစရှိသည့် သမားရိုးကျအလေ့အကျင့်များမှ စစ်မှန်သောပညာရေးအသီးအပွင့်ကို ခံစားနိုင်မည်မဟုတ်ပေ။[၃၃] ကျောင်းသားကျောင်းသူများ၏ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ကျိုးကြောင်းဆက်စပ်တွေးခေါ်စဉ်းစားမှု တိုးတက်လာစေရေးအတွက်

တစ်နိုင်ငံလုံးအတိုင်းအတာအရ ကျောင်းသားဗဟိုပြုသင်ယူမှုချဉ်းကပ်နည်း (Child-Centred Approach) ဖြင့် သင်ကြားပေးသွားရန် အစိုးရက JICAနှင့် UNICEFတို့၏ အကူအညီဖြင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မှ စတင်အသုံးပြုရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။[၃၄] သို့ရာတွင် သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ လုံလောက်စွာမရှိခြင်း၊ ဆရာ/ဆရာမ မလုံလောက်ခြင်း၊ ကျောင်းသားအဆမတန်များနေသော စာသင်ခန်းများ၊ ကျောင်းသား-ဆရာအချိုးမမျှတခြင်း၊ သင်ရိုးညွှန်းတမ်းပုံစံများ၊ အလွတ်ကျက်ဖြေဆိုရသည့် စာမေးပွဲစနစ်များသည် ကျောင်းသားဗဟိုပြုသင်ယူမှုချဉ်းကပ်နည်း (CCA) မအောင်မြင်ရခြင်း၏ အကြောင်းအရင်းတစ်ချို့ပင် ဖြစ်ပါသည်။ ဆရာ/ ဆရာမများအနေဖြင့် ကျောင်းသားဗဟိုပြုသင်ယူမှုချဉ်းကပ်နည်းကို အသုံးပြုရန်ဆန္ဒရှိသော်လည်း အထက်ဖော်ပြပါအကြောင်းပြဿနာများကြောင့် ထိရောက်စွာ အသုံးမပြုနိုင်ကြပေ။ အချို့သောဆရာ/ဆရာမများကလည်း ဆရာဗဟိုပြုသင်ကြားရေးစနစ်နှင့် စာမေးပွဲအခြေပြုသည့်စနစ်ဟောင်းကိုသာ ပိုမိုအားသန်လျက်ရှိသည်။[၃၅] ကျောင်းသားများသည် သက်ဆိုင်ရာဘာသာရပ်များကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဆွေးနွေးစေလိုသည့် ရည်ရွယ်ချက်ဖြင့် ပုံနှိပ်စာအုပ်များကို ပြဋ္ဌာန်းထားသော်လည်း ဆရာ/ဆရာမများသည် အခန်းဆုံးစာမေးပွဲအတွက် ပြဋ္ဌာန်းစာအုပ်ပါလေ့ကျင့်ခန်းများပြီးမြောက်ရေးကိုသာအဓိကထားလျက်ရှိသည်။ ကျောင်းသားများသည်လည်း စာသင်ခန်းတွင် သင်ကြားရသည်များကို စာမေးပွဲအောင်မြင်စွာဖြေဆိုနိုင်ရေးအတွက်သာ အဓိကထားဦးစားပေးကျက်မှတ်ကြရသောကြောင့် ကျောင်းသားများ၏အတွေးအခေါ်စွမ်းရည်များသည် လျော့နည်းကျဆင်းလာသည်။[၃၆]

၃၂။ ထို့ကြောင့် အခြေခံပညာအဆင့်၏အရည်အသွေးတိုးတက်ကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်ရေးကို ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှစ်(၃၀)စီမံကိန်း (၂၀၀၁-၀၂ပညာသင်နှစ်-၂၀၃၀-၃၁ပညာသင်နှစ်) အရလုပ်ဆောင်သွားမည်ဖြစ်ပြီး ၂၀၁၆-၁၇ပညာသင်နှစ်မှစတင်၍ KG+12 (KG+၅-၄-၃)ပုံစံဖြင့် အခြေခံပညာရေးကဏ္ဍတွင် စတင်ဖော်ဆောင်လျက်ရှိသည်။[၃၇] သူငယ်တန်းကျောင်းသူ/ကျောင်းသားများအား လက်ရှိအခြေအနေနှင့်ကိုက်ညီအောင် ပြင်ဆင်ထားသည့်သင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားပေးလျက်ရှိသည်။ သူငယ်တန်းသင်ရိုးညွှန်းတမ်းအသစ်သည် ယခင်သင်ရိုးညွှန်းတမ်းအဟောင်းနှင့် နှိုင်းယှဉ်ပါက များစွာကွာခြားလျက်ရှိသည်ကို ဆရာမများကလည်းသိမြင်ကြပါသည်။ အကြောင်းမှာ သင်ရိုးညွှန်းတမ်းအသစ်သည် တေးသီချင်း၊ ဂီတ၊ ကဗျာ၊ ကစားနည်းများ၊ ပုံပြင်ပြောပြခြင်းဖြင့် ကျောင်းသားလူငယ်များသည် ကမ္ဘာကြီးအကြောင်းသိရှိလာပြီး လူမှုဝန်းကျင်တွင် မည်သို့

မည်ပုံနေထိုင်ရမည်ကိုသိရှိလာစေမည်ဖြစ်သည်။[၃၈] ထို့ပြင် ဘက်စုံလွှမ်းခြုံပညာရေးသုံးသပ်ချက် (Comprehensive Education Sector Review) တွင်ပါဝင်ခဲ့သည့် အဆင့်မြင့် အရာရှိတစ်ဦးကလည်း ပြုပြင်ပြောင်းလဲလိုက်သော သင်ရိုးညွှန်းတမ်းသည် အလွတ်ကျက်ဖြေပုံစံကိုအားမပေးဘဲ ကျောင်းသူကျောင်းသားများအနေဖြင့် ၎င်းတို့၏ကိုယ်ပိုင်တီထွင်နိုင်စွမ်းဖြင့် လွတ်လပ်စွာတွေးခေါ်တတ်သူများ ဖြစ်လာစေမည်ဟု ပြောကြားခဲ့ပါသည်။

၃၃။ ယခုအချိန်တွင် Grade-1 မှ Grade-12 အထိ သင်ရိုးသစ်ရေးဆွဲပြုစုနိုင်ရေးအတွက် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်သင်ရိုးမူဘောင်နှင့် ဘာသာရပ်အလိုက်သင်ရိုးမူဘောင်များ ရေးဆွဲလျက်ရှိပါသည်။ ထိုသင်ရိုးမူဘောင်များကို အမျိုးသားပညာရေးဥပဒေအရဖွဲ့စည်းမည့် သင်ရိုးညွှန်းတမ်းကော်မတီကတင်ပြပြီး အမျိုးသားရေးမူဝါဒကော်မရှင်က အတည်ပြုရမည်ဖြစ်သည်။ မူလတန်းအဆင့်သင်ရိုးညွှန်းတမ်းမူဘောင်၊ အလယ်တန်းအဆင့်သင်ရိုးညွှန်းတမ်းမူဘောင်နှင့် အထက်တန်းအဆင့်သင်ရိုးညွှန်းတမ်းမူဘောင်များအရ Grade-1 မှ Grade-12 အထိ သတ်မှတ်ဘာသာရပ်များကို သင်ရိုးညွှန်းတမ်းများ ရေးဆွဲပြုစုသင်ကြားသွားမည်ဖြစ်ပါသည်။

**(ဆ) ပညာရေးကဏ္ဍတွင် ကျားမတန်းတူအခွင့်အရေးရရှိရေး**

၃၄။ ၂၀၁၄ခုနှစ်၊ မြန်မာနိုင်ငံ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အသက် ၁၅နှစ်နှင့် အထက်လူဦးရေ၏စာတတ်မြောက်မှုနှုန်းမှာ ၈၉.၅%ဖြစ်သည်။ သို့သော် အမျိုးသားများစာတတ်မြောက်မှုနှုန်းသည် ၉၂.၆%ဖြစ်ပြီး အမျိုးသမီးများ စာတတ်မြောက်မှုနှုန်းသည် ၈၆.၉% ဖြစ်သောကြောင့် အမျိုးသားစာတတ်မြောက်မှုနှုန်းသည် အမျိုးသမီးစာတတ်မြောက်မှုနှုန်းထက် မြင့်မားလျက်ရှိသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှိုင်းယှဉ်ကြည့်ပါက သိသိသာသာကွာခြားချက်မရှိပါ။

၃၅။ မြန်မာနိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ ကျား/မအားလုံးကို တန်းတူအခွင့်အရေးပေးထားသဖြင့် အမျိုးသမီးများသည် ပညာသင်ယူရာတွင် အမျိုးသားများနည်းတူလေ့လာသင်ယူခွင့်ရှိပါသည်။ ကမ္ဘာ့ဘဏ်၏ ကျား/မ တန်းတူညီတူရှိမှုအညွှန်းကိန်း (Gender Parity Index)အရ ၂၀၁၄ခုနှစ်၏ မူလတန်းအဆင့်ကျောင်းအပ်နှံမှု၏ ကျား/မတန်းတူညီတူရှိမှုအညွှန်းကိန်း (Gender Parity Index) မှာ ၀.၉၇ဖြစ်ပြီး အထက်တန်းကျောင်းအပ်နှံမှု၏ကျား/မတန်းတူညီတူရှိမှုအညွှန်းကိန်း (Gender Parity Index) မှာ ၁.၀၂ဖြစ်သဖြင့် ကျား/မကျောင်းအပ်နှံမှုနှုန်းမှာ တူညီလုနီးပါးရှိပါသည်။ သို့သော် ကျား/မအချိုးမမျှတမှုကို သင်ကြားရေးလုပ်ငန်းစဉ်တွင် တွေ့မြင်နိုင်ပြီး အောက်ပါကားချပ်တွင် ဖော်ပြ

ထားသည့်အတိုင်း ဆရာမဦးရေအချိုးအရေအတွက်သည် ဆရာအရေအတွက်ထက် အဆမတန်များပြားနေသည်ကို တွေ့မြင်ရပါသည်။




ပုံ (၅) အခြေခံပညာကျောင်းများရှိ ဆရာ/ဆရာမဦးရေအချိုး

လူမှုရေးကျင့်ဝတ်များ၊ ဓလေ့ထုံးတမ်းများကြောင့် အမျိုးသမီးများသည် ဆရာမအလုပ်ကို ပိုမိုရွေးချယ်ကြသဖြင့် ပညာရေးကဏ္ဍ၏သင်ကြားရေးအပိုင်းတွင် ဆရာ/ဆရာမအချိုးမညီမျှမှုဖြစ်ပေါ်ခြင်းဖြစ်သည်ဟု သုံးသပ်ကြပါသည်။[၃၉] အမျိုးသမီးများကို မိခင်စိတ်ရှိသူများအဖြစ် သတ်မှတ်ထားကြသဖြင့် စာသင်ကြားရေးအလုပ်ကို အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုသင့်တော်သည်ဟု လက်ခံထားကြပါသည်။ မိဘများအနေဖြင့်လည်း ၎င်းတို့၏သမီးများအတွက် စာသင်ကြားသည့်အလုပ်သည် အများအမြင်တင့်သော၊ လူအများလေးစားထိုက်သောအလုပ်ဟု မှတ်ယူထားပါသည်။ တစ်ဘက်တွင်မူ ဆရာမအလုပ်ဖြင့် အသက်မွေးသူအချို့မှာ မိမိ၏သဘောဆန္ဒအလျောက်မဟုတ်ဘဲ ပတ်ဝန်းကျင်၏ဖိအားကြောင့်သာ လုပ်နေရသူများလည်းရှိပါသည်ဟု လေ့လာရပါသည်။[၄၀]

၂၀၁၆ခုနှစ်၊ ဩဂုတ်လတွင်ကျင်းပသည့် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ(ဆရာအတတ်ပညာကဏ္ဍ)ဖွင့်ပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားရာတွင် "မြန်မာနိုင်ငံ၏ ဆရာ/ဆရာမများနှင့် ပညာရေးဆိုင်ရာစီမံခန့်ခွဲမှုကဏ္ဍများတွင် တိုင်းနှင့်ပြည်နယ်အဆင့်အလိုက် ကျား/မတန်းတူညီတူရှိရေးအတွက် ပိုမိုဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထို့ပြင် သူမအနေဖြင့်လည်း မြန်မာနိုင်ငံတွင် ဆရာအရေအတွက်သည် ဆရာမအရေအတွက်ထက် ပိုမို

နည်းပါးရသည့်ကိစ္စကို အမြဲတမ်းမေးမြန်းလေ့ရှိကြောင်း၊[၆၁] မြန်မာ့ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲပေးရန်လိုအပ်ကြောင်း၊ ကောင်းမွန်သောပညာရေးစီမံခန့်ခွဲမှုသည် မြန်မာနိုင်ငံ၏ပညာရေးစနစ်ကို များစွာအထောက်အကူပြုနိုင်ကြောင်းလည်းပြောကြားခဲ့သည်။ ထို့ပြင် ဆရာအလုပ်ဖြင့် အသက်မွေးခြင်း၏မြင့်မြတ်မှု၊ ဆရာ/ဆရာမ၏တန်ဖိုးကို ယောက်ျားလေးများ ပိုမိုသိရှိလာအောင် ပြုလုပ်ပေးခြင်းဖြင့် ဆရာ/ဆရာမအချိုး မျှတလာအောင်ဆောင်ရွက်ပေးနိုင်ကြောင်းတို့ကို အလေးထားပြောကြားခဲ့ပါသည်။[၆၂]

အမေရိကန်နိုင်ငံတွင်လည်း စာသင်ကြားရေးသည် အမျိုးသမီးအများစု ရွေးချယ်လုပ်ကိုင်ကြသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ပြီး မူလတန်းမှ အထက်တန်းအထိ စာသင်ကြားပေးသူများအနက် ဆရာမအရေအတွက်သည် ယခုအချိန်တွင် လေးပုံသုံးပုံထက် ပိုမိုကျော်လွန်လျက်ရှိသည်ဟု ပညာရေးဌာနက ဖော်ပြထားပါသည်။ တစ်ချိန်က စာသင်ကြားရေးသည် အမျိုးသားများ၏အလုပ်ဟု သတ်မှတ်ခဲ့သော်လည်း ၁၉၆၀ပြည့်နှစ်များတွင် အမျိုးသမီးများအတွက် စာသင်ကြားရေး အခွင့်အလမ်းပွင့်သွားသည့်အခါ အမျိုးသားများပါဝင်မှုနှုန်း ကျဆင်းသွားပါသည်။ University of Marylandမှ လူမှုဗေဒပညာရှင် Philip N. Cohen က ၎င်းတို့သည် ယဉ်ကျေးမှုဓလေ့ထုံးစံအရ အမျိုးသမီးများလုပ်ကိုင်သည့်အလုပ်ကို တန်ဖိုးထားမှုအားနည်းသည့်အစဉ်အလာကို မလွန်ဆန်နိုင်ကြသဖြင့် အမျိုးသမီးအများစုရွေးချယ်သည့်အလုပ်ကို လူအများက တန်ဖိုးနိမ့် ကျသည်ဟု ယုံကြည်လက်ခံထားကြောင်း New York Times တွင် ရေးသားဖော်ပြခဲ့ပါသည်။[၆၃] ထို့ပြင် ဗြိတိန်နိုင်ငံရှိ ပညာရေးဌာန၏ ၂၀၁၅ခုနှစ် မှတ်တမ်းအရ အမျိုးသား ဆရာဦးရေသည် ကျဆင်းသွားကြောင်း Telegraph သတင်းစာတွင် ဖော်ပြထားပါသည်။ ၂၀၁၀ခုနှစ်တွင် ဆရာဦးရေ ၄ဦးအနက် အမျိုးသားဆရာတစ်ဦးနှုန်းဖြစ်ပြီး ၂၀၁၅ခုနှစ်တွင် ဆရာဦးရေ ၅ဦးအနက် အမျိုးသားဆရာတစ်ဦးနှုန်းအဖြစ်သို့ ကျဆင်းသွားပါသည်။[၆၄]

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်လည်း ပညာရေးကဏ္ဍ၌ ဆရာ/ဆရာမအချိုးမညီမျှမှုကို တွေ့ရှိနိုင်ပါသည်။ မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍတွင် ဆရာမအရေအတွက်သည် ဆရာအရေအတွက်ထက် သိသိသာသာပိုမိုများပြားရခြင်းမှာ ရှေးယခင်တည်းက မိန်းကလေးများသည် စာသင်ကြားသည့်အလုပ်ကို အိန္ဒြေသိက္ခာရှိသည်ဟုသတ်မှတ်၍ ဆရာမအလုပ်ကိုပိုမိုရွေးချယ်ကြခြင်း၊ ယောက်ျားလေးများ၏ပင်ကိုသဘာဝအရ လှုပ်ရှားတက်ကြွမှုကို သဘောကျနှစ်သက်သဖြင့် ယောက်ျားလေးအများစုမှာ ကျောင်းဆရာအလုပ်အား စိတ်မဝင်စားခြင်း၊ ထို့ပြင် ရှေးယခင်

ကတည်းက ယောကျ်ားလေးများအတွက် အလုပ်အကိုင်အခွင့်အလမ်းမှာ မိန်းကလေးများ ထက် ပိုမိုများပြားခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ တက္ကသိုလ်ကောလိပ် များ၏ ဝင်ခွင့်အမှတ်သတ်မှတ်ချက်များတွင်ပင် ယောကျ်ားလေးများအတွက် ပိုမိုအလေး သာစေသော သတ်မှတ်ချက်များကြောင့် ၎င်းတို့အတွက် အလုပ်အကိုင်ရွေးချယ်ရန် အခွင့် အလမ်းများပြားခြင်း စသည်တို့ကြောင့် ယောကျ်ားလေးတို့၏ ပင်ကိုယ်ဗီဇအရ ကျောင်း ဆရာအလုပ်ကို ရွေးချယ်မှုနည်းပါးပြီး အခြားအလုပ်အကိုင်များကိုသာ ပိုမိုရွေးချယ်လေ့ ရှိကြသောကြောင့်ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

**နိဂုံး**

၃၆။ မြန်မာ့ပညာရေးကို ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နောက်ကျမကျန်စေရေး အတွက် ပညာရေးကဏ္ဍကို အစိုးရအနေဖြင့် အဓိကထား၍ အဆင့်မြှင့်တင်ဆောင်ရွက်နေ သော်လည်း ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများဖော်ဆောင်ရာတွင် စိန်ခေါ်မှုများစွာကို ကြုံတွေ့ရဆဲဖြစ်ပါသည်။ ပညာရေးအသုံးစရိတ်ကို သိသိသာသာတိုးမြှင့်လိုက်သော်လည်း အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နည်းနေဆဲဖြစ်သည်။ ထို့ပြင် သင်ရိုးညွှန်းတမ်းပြုပြင် ပြောင်းလဲမှုလုပ်ဆောင်ရာတွင်လည်း ယခင်စနစ်နှင့်အသားကျနေသည့် ကျောင်းသား/ဆရာ များအား ပြောင်းလဲလိုက်သည့် စနစ်သစ်နှင့်ကျွမ်းဝင်အောင် ပြုလုပ်ပေးရခြင်းသည်လည်း စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ စာသင်ကြားရာတွင် ကျောင်းသားဗဟိုပြုချဉ်းကပ်နည်းကို အောင်မြင်စွာအသုံးပြုနိုင်ရန် ကျောင်းသား/ဆရာအချိုး မြင့်မားနေခြင်းကိုလည်း ကိုင်တွယ် ဖြေရှင်းပေးရန် လိုအပ်ပါသည်။ အထက်ဖော်ပြပါ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အလို့ငှာ အစိုးရအနေဖြင့်လည်း ပြည်တွင်းပြည်ပဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်အဖွဲ့အစည်းများ နှင့်ပူးပေါင်း၍ ဆက်လက်လုပ်ဆောင်လျက်ရှိနေခြင်းအပေါ် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိကြောင်းတို့အား မြန်မာနိုင်ငံ၏ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုအပေါ် လေ့လာ သုတေသနပြုတင်ပြအပ်ပါသည်။

# ကိုးကားချက်များ


၁ OO, J., MINOLETTI, PHYU, SAW, WIN, PORTER, OYE, SMURRA 2015. Fiscal management in Myanmar. Philippines: Asian Development Bank. (See Page – 5)

၂ GROUP, O. B. 2015. The Report: Myanmar 2015.

၃ 2014b. Education Systems in ASEAN+6 Countries: A Comparative Analysis of Selected Educational Issues. *Education Policy Research Series.* the United Nations Educational, Scientific and Cultural Organization 7, place de Fontenoy, 75352 Paris 07 SP, France and UNESCO Bangkok Office: UNESCO (See page-23)

၄ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ( 2016-2021) အနှစ်ချုပ်၊ ပညာရေးဝန်ကြီးဌာန (See page-7)

၅ CESR. *Myanmar Comprehensive Education Sector Review* [Online]. Available: http://www.cesrmm.org/index.php/en/leadership1/ministryofeducation.

၆ MOE. Available: http://www.myanmar-education.edu.mm/dhel/education-system-in-myanmar/education-development-plans/.

၇ *The record of the activities and improvement of Union Ministries during five years terms in Myanmar ( From 2011-* 2012 *to 2015-2016) Part- 2,* Myanmar. (See page-174)

၈ UNESCO. 2014a. *Education for All 2015 National Review Report: Myanmar* [Online]. Available: http://unesdoc.unesco.org/images/0022/002297/229723E.pdf. (See page-3)

၉ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း( ၂၀၁၆-၂၀၂၁) အနှစ်ချုပ်၊ ပညာရေးဝန်ကြီးဌာန(See page-7)

၁၀ 7DAYDAILY 2016. *7Day Daily*.

၁၁ PRESIDENT OFFICE OF THE REPUBLIC OF THE UNION OF MYANMAR. Available: http://www.president-office.gov.mm/?q=issues/education/id-10420.

၁၂ PRESIDENT OFFICE OF THE REPUBLIC OF THE UNION OF MYANMAR. *The significant improvements of Myanmar Education Sector* [Online]. Available: http://203.81.89.211/2015m3/?q=issues/education/id-9931.

၁၃ MOPF 2015. National Development Plan ( Second five-year-term plan). (See page-230)

၁၄ ADB Myanmar: Country Operations Business Plan ( Sector Assessment (Summary): Education). (See page-6)

၁၅ MOI. *Four Ministries clarify undertakings in the first 100 days* [Online]. Available: http://www.moi.gov.mm/moi:eng/?q=news/24/08/2016/id-8240.

၁၆ OFFICE, M. P. 2015. *Government's significant efforts on education* [Online]. Myanmar: Myanmar President Office. Available: http://203.81.89.211/2015m3/?q=issues/education/id-9931 [Accessed November 3, 2016 2016].

၁၇ OECD 2016. Economic Outlook for Southeast Asia, China and India 2016. OECD.

၁၈ UNESCO 2014. Education for all 2015 national review: Myanmar. UNESCO: UNESCO. (See page-30)

၁၉ HAYDEN, M. 2013. Recovery of the education system in Myanmar. *International and comparative education,* 2**,** 11. (See page-51)

၂၀ ILO, M. O. L., EMPLOYMENT AND SOCIAL SECURITY AND CENTRAL STATISTICAL ORGANIZATION 2015. Myanmar labour force, child labour and school to work transition survey 2015. *Executive summary report.* ILO. (See page-41)

၂၁ OECD 2012. Education indicators in focus. OECD: OECD.

၂၂ MOPF 2015. The second term of five year plan for national development Nay Pyi Taw, Myanmar: Ministry of Planning and Finance. (See page-230)

၂၃ GROUP, O. B. *Changes to Myanmar's education sector needed* [Online]. Oxford Business Group. Available: https://www.oxfordbusinessgroup.com/overview/learning-curve-changes-are-needed-revitalise-country%E2%80%99s-schools [Accessed October 28, 2016].

၂၄ UNESCO 2014b. Education Systems in ASEAN+6 Countries: A Comparative Analysis of Selected Educational Issues. *Education Policy Research Series.* France and UNESCO Bangkok Office: UNESCO Bangkok. (See page-33)

[၂၅] MINISTRY OF EDUCATION, M. 2012. Education for All: Access to and Quality of Education in Myanmar. (See page-2)

[၂၆] UNESCO 2014c. Education Systems in ASEAN+6 Countries: A Comparative Analysis of Selected Educational Issues. *Education Policy Research Series.* France and UNESCO Bangkok Office. (See page-23)

[၂၇] MINISTRY OF EDUCATION, M. 2012. Education for All: Access to and Quality of Education in Myanmar. (See page-17)

[၂၈] BUREAU, M. E. R. 1992. Education Sector Study Phase I. Yangon: 81. (See page-11)

[၂၉] MINISTRY OF EDUCATION, M. 2012. Education for All: Access to and Quality of Education in Myanmar. (See page-17)

[၃၀] ibid(See page-17)

[၃၁] M.O.E 2004. Development of Education in Myanmar. (See page-29)

[၃၂] MARTIN, M. H. R. 2013. Recovery of the Education System in Myanmar. *Journal of International and Comparative Education,* Volume 2.

[၃၃] HALLINGER, P. 1998. Education Change in Southeast Asia
The Challenge of Creating Learning Systems. *Journal of Education Administration,* Vol. 36. (See page-492)

[၃၄] M.O.P.F 2015. National Development, Second Five-Year Short Term Plan (2016-17 FY- 2020-21 FY). Ministry of Planning and Finance.

[၃၅] WAI, K. S. 30 January 2015. Child - centred education a failure: experts. Myanmar Times Journal.

[၃၆] UNICEF December 2013. Development of a Teacher Education Strategy Framework Linked to Pre- and In-Service Teacher Training in Myanmar. (See page-9)

[၃၇] OFFICE, P. 2015. Government's Efforts on Education. President Office of Myanmar.

[၃၈] NEWS, M. 2016. New Curriculum: 90,000 KG Teachers Trained For New Teaching Method. Myanmar International TV.

[၃၉] http://oecdeducationtoday.blogspot.com/2017/03/why-do-so-many-women-want-to-become_1.html

[၄၀] https://www.irrawaddy.com/specials/women/burmas-sexist-school-requirements-hurt-women-society.html

[၄၁] http://www.unescobkk.org/fr/news/article/state-counsellor-daw-aung-san-suu-kyi-highlights-the-importance-of-teacher-education-reform/

[၄၂] http://www.mmtimes.com/index.php/national-news/nay-pyi-taw/21806-state-counsellor-education-must-include-critical-thinking-less-rote-memorisation.html

[၄၃] https://www.nytimes.com/2014/09/07/sunday-review/why-dont-more-men-go-into-teaching.html

[၄၄] http://www.telegraph.co.uk/men/thinking-man/how-can-we-get-more-men-to-become-teachers/